
# ACC Against COVID-19




## အစီအစဉ် (၁၀၄)

# “အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေး အပိုင်း(၁)”

တင်ပြသူ

ဦးကျော်စွာ

(လူ့အခွင့်အရေးကော်မရှင်)

ACC Against COVID-19 23.12.2020






လူ့အခွင့်အရေးဟု ပြောလိုက်လျှင်
လူသားတစ်ယောက်အနေနှင့်
မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကမှ
ပေးအပ်၍ မဟုတ်ဘဲ၊
လူသားဟူသည့်ဘဝကို
ရလာခြင်း၊ လူသားတစ်ယောက်ဟူ၍
ဖြစ်လာခြင်းကြောင့် ရပိုင်ခွင့်ရှိလာသည့်
အခွင့်အရေးများကို ဆိုလိုခြင်း
ဖြစ်ပါသည်။

လူ့အခွင့်အရေးများကို ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေး (Civil and Political Right)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာအခွင့်အရေး(Economic, Social and Cultural Rights) ဟူ၍ ကဏ္ဍအလိုက် ခွဲခြားထားပြီး နောက်ပိုင်းတွင် ဖွံ့ဖြိုးမှုဆိုင်ရာအခွင့်အရေး (Rights to Development) ကိုလည်း ထပ်မံဖြည့်စွက်ထားပါသည်။










နယ်ပယ်ကဏ္ဍအလိုက် ရှိနေသည့် လူသားများ၏ ရပိုင်ခွင့်
အခွင့်အရေးများကို ထိခိုက်ဆုံးရှုံးနစ်နာစေသည့် အကြောင်း
တရားများစွာ ရှိနေပါသည်။ ယင်းအကြောင်းတရားများတွင်
အဂတိလိုက်စားမှုသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။

အဂတိလိုက်စားခြင်းကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုဖြစ်ပေါ်လာစေပါသည်။ ပွင့်လင်းမြင်သာမှုရှိစေရေး၊ တာဝန်ခံမှု ရှိစေရေး၊ ခွဲခြားဆက်ဆံမှု မရှိစေရေးနှင့် လူ့အသိုက် အဝန်းတွင် ကဏ္ဍအသီးသီး၌ အဓိပ္ပာယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်ခွင့်ရရှိရေး စသည့် လူ့အခွင့်အရေး ဆိုင်ရာ အခြေခံမှုများမှာ အဂတိလိုက်စားမှု များကြောင့် ဆုတ်ယုတ်လျော့ပါး နေရသည်။ သို့ဖြစ်ရာ အဆိုပါ လူ့အခွင့်အရေးဆိုင်ရာအခြေခံမှု များကို ထိန်းသိမ်း ဖော်ဆောင်နိုင်ခြင်းကပင် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရန် အထိရောက်ဆုံးနည်းလမ်းများ ဖြစ်နေပေသည်။






အဂတိလိုက်စားမှုပြဿနာသည် နိုင်ငံအလိုက်၊ လူ့အဖွဲ့အစည်းအလိုက် ဖြစ်ပွားနေသည့် ဒေသဆိုင်ရာပြဿနာမျိုးမဟုတ်ဘဲ၊ ကမ္ဘာအနှံ့ဖြစ်ပွားနေသည့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ် ဖြစ်သည်။ အဂတိလိုက်စားမှုများသည် အစိုးရဌာနဆိုင်ရာရုံးများတွင်သာ ဖြစ်ပွားနေသည်မဟုတ်ဘဲ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြားနယ်ပယ်အသီးသီးတွင် ဖိစီးနှိပ်စက်နေသည့် ပြဿနာဖြစ်ပါသည်။






အဂတိလိုက်စားမှုများကြောင့်
လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအား
သာဓကအနေဖြင့်
ဖော်ပြရာတွင် ပညာရေးကဏ္ဍ၌
အဂတိလိုက်စားမှုများ ရှိနေပါက
ပညာသင်ယူခွင့် အခွင့်အရေးကို
ထိခိုက်စေနိုင်မည်ဖြစ်ပြီး၊
တရားစီရင်ရေးနယ်ပယ်တွင်
အဂတိလိုက်စားမှုများ ရှိနေပါက
တရားဥပဒေ၏ အကာအကွယ် ရယူရန်
တရားစွဲဆိုပိုင်ခွင့်နှင့် မျှတသော
တရားစီရင်ရေး ရရှိခံစားပိုင်ခွင့်များ
ဆုံးရှုံးနိုင်ပါသည်။








ကျန်းမာရေးနှင့် လူမှုဖူလုံရေးကဏ္ဍများတွင် အဂတိလိုက်စားမှုများ ဖြစ်ပွားနေပါက ကျန်းမာရေး စောင့်ရှောက်မှုကို လူတိုင်း လက်လှမ်းမီ ခံစားခွင့် ရရှိနိုင်ရန် ခက်ခဲမည်ဖြစ်သလို၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များစသည့် ထိခိုက်လွယ်သူများ အနေဖြင့်လည်း လိုအပ်သော ထောက်ပံ့ကူညီမှုများရရှိရန် လွယ်ကူနိုင်မည်မဟုတ်ပေ။




ထို့ပြင် လူတစ်ဦးအနေဖြင့် တာဝန်ရှိသူတစ်ဦးဦးကို တံစိုးလက်ဆောင်ပေး၍ ပြည်သူ့ဝန်ဆောင်မှုကို ရယူလိုက်ခြင်းကြောင့် ခွဲခြားဆက်ဆံမှု မပြုရဟူသော အခြေခံလူ့အခွင့်အရေးနိယာမကို ထိခိုက်သွားစေမည် ဖြစ်သည်။
အဂတိလိုက်စားမှုကြောင့် ချိုးဖောက်ခံရမှု မရှိနိုင်သည့်
လူ့အခွင့်အရေးကို ရှာဖွေရန် မဖြစ်နိုင်ဟုပင်
ဆိုရပေလိမ့်မည် ဖြစ်ပါသည်။







ပြည်သူလူထု ပူးပေါင်းပါဝင်မှုရှိခြင်း၊ တာဝန်ခံမှုရှိခြင်းနှင့်
ပွင့်လင်းမြင်သာမှုရှိခြင်းစသည့် စည်းမျဉ်းများကို
အခြေခံထားသော ကောင်းမွန်သော အုပ်ချုပ်ရေးနှင့်
လူ့အခွင့်အရေးသည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသကဲ့သို့
အပြန်အလှန် အထောက်အကူပေးနေသည့် အရာများဖြစ်သည်။




သတင်းအချက်အလက်ရပိုင်ခွင့်၊
လွတ်လပ်စွာထင်မြင်ယူဆခွင့်၊
လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်၊
လွတ်လပ်စွာစုရုံးခွင့်နှင့်
လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်၊
လွတ်လပ်မှုရှိသော တရားစီရင်ရေးတို့
အပါအဝင် လူ့အခွင့်အရေးများကို
ပြည်သူများ ပြည့်ပြည့်ဝဝ
ရရှိခံစားနိုင်အောင် ဖော်ဆောင်ပေးရန်၊
အဂတိလိုက်စားမှုများကိုတားဆီးကာကွယ်
ပေးရန်နှင့် ဆိုးရွားနစ်နာမှုများကို
ကုစားပေးရန် ကြိုးပမ်းအားထုတ်မှုများ
အတွက် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို
ဖန်တီးပေးပါလိမ့်မည်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာဖြောင့်မတ်တည်ကြည်မှုရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် အသိပညာပေးကဏ္ဍ၏ အထူးအစီအစဉ်အနေနှင့် “ ACC Against COVID–19” ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ်အသီးသီးမှ ပညာရှင်များရေးသားထားသောဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါအကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်းမရှိပါကြောင်း ဖော်ပြအပ်ပါသည်။

A special program “ ACC Against COVID–19” is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.